## ဓမ္မခန္ဓာ (၅၀) စည်းချိန် (ကာဖ်)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၄)၊ သုတ်ဒေသနာ (၄၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

### بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **ق وَالْقُرْآنِ الْمَجِيدِ**۞<br>ကာ့ဖ် [၉၉၂] မြင့်မြတ်သော ကုရ်အာန်အားဖြင့်၊ |
| ၂။ | **بَلْ عَجِبُوا أَن جَاءهُمْ مُنذِرٌ مِّنْهُمْ فَقَالَ الْكَافِرُونَ هَذَا شَيْءٌ عَجِيبٌ**۞<br>အမှန်မှာ သူတို့ထံသို့ သတိပေးသူ တစ်ဦး ရောက်လာသည်ကို အံ့သြလျက်– ဖုံးကွယ်သူတို့က ပြောကြသည်မှာ ''ဤသည် အံ့ဘွယ်စရာပင်၊– |
| ၃။ | **أَئِذَا مِتْنَا وَكُنَّا تُرَابًا ذَلِكَ رَجْعٌ بَعِيدٌ**۞<br>ကျွန်ုပ်တို့သည် သေဆုံးပြီး၊ မြေမှုန့်ဖြစ်ပြီးသော်မှ ယင်းသို့ နောက်ကျန်ရစ်သည်ကို ပြန်ရမည်လော၊''ဟု ဖြစ်၏။ |
| ၄။ | **قَدْ عَلِمْنَا مَا تَنقُصُ الْأَرْضُ مِنْهُمْ وَعِندَنَا كِتَابٌ حَفِيظٌ**۞<br>မုချပင် ငါသည် သူတို့အနက် မြေကမ္ဘာမှ ယုတ်လျော့သွားသူအားလုံးကို သိနေတော်မူ၏။ ငါ့ထံတော်၌ ထိန်းသိမ်းစောင့်ရှောက်ထားသော မှတ်တမ်းသည် ရှိနေ၏။ |
| ၅။ | **بَلْ كَذَّبُوا بِالْحَقِّ لَمَّا جَاءهُمْ فَهُمْ فِي أَمْرٍ مَّرِيجٍ**۞<br>အမှန်မှာ ပရမတ္ထသစ္စာဖြင့် သူတို့ထံသို့ ရောက်လာစဉ်၊ သူတို့သည် ငြင်းဆန်ကြကုန်၏။ သို့ဖြင့် သူတို့သည် အရှိန်သေနေသော အရေးကိစ္စထဲ၌ ဖြစ်ရပြီ။ |
| ၆။ | **أَفَلَمْ يَنظُرُوا إِلَى السَّمَاء فَوْقَهُمْ كَيْفَ بَنَيْنَاهَا وَزَيَّنَّاهَا وَمَا لَهَا مِن فُرُوجٍ**۞<br>သူတို့သည် သူတို့၏ အပေါ်၌ ရှိသော မိုးကောင်းကင်ကို မကြည့်မိသလော၊ ငါသည် ၎င်းကို မည်သို့ တည်ဆောက်ထားသနည်း၊ မည်သို့ ဖမ်းစားစေသနည်း၊ ၎င်းတွင် ဟနေခြင်း မရှိချေ။ |
| ၇။ | **وَالْأَرْضَ مَدَدْنَاهَا وَأَلْقَيْنَا فِيهَا رَوَاسِيَ وَأَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ بَهِيجٍ**۞<br>တိုးရွေ့နေသော မြေသားပြိုလ်တစ်ခု၊ ထို၌ တိုက်ကြီးများကို ခင်းကျင်းထား၏။ ထို၌ ရှုချင်စဖွယ် စုံဖွဲ့ကိုယ်စီ ဖြစ်ထွန်းစေသည်မှာ– |
| ၈။ | **تَبْصِرَةً وَذِكْرَى لِكُلِّ عَبْدٍ مُّنِيبٍ**۞<br>သံဝေဂယူတတ်သော အရှင့်ထံသို့လှည့်သည့် အမှုတော်ဆောင် ကိုယ်စီအတွက် အမြင်ရှိစေ၏။ |

---

(၉၉၂) အာရ်ဗီ အတိုကောက် စကားလုံး **ကာ့ဖ်**သည် **ကဒါရ်**– အရာရာအား စည်းချိန်ပြဌာန်းချက်၊ **ကီယာမတ်** –ရပ်တည်မြဲမြံခြင်း၊ **ကိုင်ယ်ယိမွန်** မြဲမြံစွာ ရပ်တည်နေခြင်းကို ကိုယ်စားပြု၍၊ **အရာရာအား စည်းချိန်ပြဌာန်းထားသော၊ မြဲမြံစွာရပ်တည်နေသော ကျမ်းမြတ်ကုရ်အာန်အားဖြင့်** ဟု သက်သေတည်ထားခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၉။ | وَنَزَّلْنَا مِنَ السَّمَاء مَاء مُّبَارَكًا فَأَنبَتْنَا بِهِ جَنَّاتٍ وَحَبَّ الْحَصِيدِ۞<br>ငါသည် မိုးကောင်းကင်မှ ကျက်သရေရှိသော ရေကို ချပေးတော်မူ၍၊ ၎င်းဖြင့် ရိတ်သိမ်းရသော ကောက်ပဲသီးနှံ ဥယျာဉ်များကို ဖြစ်ထွန်းစေတော်မူ၏– |
| ၁၀။ | وَالنَّخْلَ بَاسِقَاتٍ لَّهَا طَلْعٌ نَّضِيدٌ۞<br>အသီးအထပ်ထပ် စွံပလွန် ပင်မြင့်များကိုလည်း ပါဝင်စေ၍– |
| ၁၁။ | رِزْقًا لِّلْعِبَادِ وَأَحْيَيْنَا بِهِ بَلْدَةً مَّيْتًا كَذَلِكَ الْخُرُوجُ۞<br>အမှုတော်ဆောင်များအတွက် ရိက္ခာဖြစ်စေ၏။ ငါသည် သေနေသော မြို့ကို ပြန်ရှင်စေ၏။ ယင်းသို့ပင် ရှင်ပြန်ထွက်ပေါ်စေတော်မူလတ္တံ့။ |
| ၁၂။<br>☆<br>၂၅း၃၈ | كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَأَصْحَابُ الرَّسِّ وَثَمُودُ۞<br>သူတို့ မတိုင်မီ နူးဟ်၏ လူမျိုး၊ ရာ့ဆ်၏☆ ပေါင်းဖေါ်များနှင့် သမု–ဒ်တို့သည်လည်း ငြင်းဆန်ခဲ့ပြီ။ |
| ၁၃။ | وَعَادٌ وَفِرْعَوْنُ وَإِخْوَانُ لُوطٍ۞<br>အာ–ဒ်၊ ဖာရိုးနှင့် လု–တ်၏ ညီနောင်များ– |
| ၁၄။<br>☆၁၅း၇၈<br>★၄၄း၃၇ | وَأَصْحَابُ الْأَيْكَةِ وَقَوْمُ تُبَّعٍ كُلٌّ كَذَّبَ الرُّسُلَ فَحَقَّ وَعِيدِ۞<br>တောတွင်းနေ ပေါင်းဖေါ်များနှင့်☆ တုဗ္ဗာလူမျိုးများလည်း★ ပါဝင်၏။ သူတို့ကိုယ်စီ ဉာဏ်စဉ်ဆောင်အား ငြင်းဆန်ခဲ့ကြ၏။ သို့ဖြစ်၍ ငါ၏ ကတိတော်သည် အမှန်ဖြစ်ချေပြီ။ |
| ၁၅။ | أَفَعَيِينَا بِالْخَلْقِ الْأَوَّلِ بَلْ هُمْ فِي لَبْسٍ مِّنْ خَلْقٍ جَدِيدٍ۞<br>ဦးစွာ ဖြစ်တည်စေခြင်းအတွက် ငါ နွမ်းလျှရမည်လော။ အသစ်ထပ်မံ ဖြစ်တည်ခြင်းအတွက် သူတို့က ဆင်ယင်ပေးရမည်လော။ |
| ၁၆။ | وَلَقَدْ خَلَقْنَا الْإِنسَانَ وَنَعْلَمُ مَا تُوَسْوِسُ بِهِ نَفْسُهُ وَنَحْنُ أَقْرَبُ إِلَيْهِ مِنْ حَبْلِ الْوَرِيدِ۞<br>မုချပင် ငါသည် လူသားကို ဖြစ်တည်စေ၏။ သူသည် သူ့စရိုက်အား တီးတိုးလှုံ့ဆော်သည်ကို ငါ သိနေတော်မူ၏။ ငါအရှင်သည် သူနှင့် သူ၏ လည်ပင်းသွေးကြောထက် သူနှင့် ပိုမိုနီးကပ်လျှက် ရှိ၏။ |
| ၁၇။ | إِذْ يَتَلَقَّى الْمُتَلَقِّيَانِ عَنِ الْيَمِينِ وَعَنِ الشِّمَالِ قَعِيدٌ۞<br>သူ၏ ဘယ် ညာ၌  အထိုင်ချ ခင်းကျင်းသူများက ခင်းကျင်းနေကြ၏။ |
| ၁၈။ | مَا يَلْفِظُ مِن قَوْلٍ إِلَّا لَدَيْهِ رَقِيبٌ عَتِيدٌ۞<br>သူသည် မရေရွတ်လေမှ၊ သို့မဟုတ်က သူ့အပါးတွင် စောင့်ကြည့်နေသူ အသင့်ရှိ၏။ |
| ၁၉။ | وَجَاءتْ سَكْرَةُ الْمَوْتِ بِالْحَقِّ ذَلِكَ مَا كُنتَ مِنْهُ تَحِيدُ۞<br>သေငယ်ဇောနှင့် မြောချိန်သို့ အမှန်အကန် ရောက်လာစေလတ္တံ့၊ ဤသည် သင် ရှောင်နေလေ့ရှိသော အရာဖြစ်၏။ |
| ၂၀။ | وَنُفِخَ فِي الصُّورِ ذَلِكَ يَوْمُ الْوَعِيدِ۞<br>ပုံစံ သက်ဝင်စေ၏၊– ဤသည် ကတိတော်ထားသည့် နေ့ကာလဖြစ်၏။ |

| | |
|---|---|
| ၂၁။ | وَجَاءَتْ كُلُّ نَفْسٍ مَّعَهَا سَائِقٌ وَشَهِيدٌ۞<br>ဥဒဉ်စရိုက် ကိုယ်စီ မောင်းနှင်သူ သက်သေပြသူနှင့် အတူ ရောက်လာစေလတ္တံ့။[၉၉၃] |
| ၂၂။ | لَقَدْ كُنتَ فِي غَفْلَةٍ مِّنْ هَذَا فَكَشَفْنَا عَنكَ غِطَاءَكَ فَبَصَرُكَ الْيَوْمَ حَدِيدٌ۞<br>သင်သည် ဤအရာကို မေ့လျော့ထားခဲ့၏၊ ထိုအကာကို ငါ ဖယ်ရှားလိုက်ပြီ။ သို့ဖြစ်၍ ဤနေ့ကာလ၌ သင်သည် သံကိုပင် ဖေါက်မြင်ရလတ္တံ့။ |
| ၂၃။ | وَقَالَ قَرِينُهُ هَذَا مَا لَدَيَّ عَتِيدٌ۞<br>သူ့ အဆက်အနွယ်က "ဤသည် ကျွန်ုပ်ထံ၌ အဆင်သင့် ရှိသော အရာ ဖြစ်၏၊"ဟု ဆို၏။ |
| ၂၄။ | أَلْقِيَا فِي جَهَنَّمَ كُلَّ كَفَّارٍ عَنِيدٍ۞<br>အရှင်က "ခေါင်းမာ ဖုံးကွယ်သူတိုင်းအား ငရဲဘုံ၌ ခင်းကျင်းလော့- |
| ၂၅။ | مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ مُّرِيبٍ۞<br>သူသည် ကောင်းမှုအား ဟန့်တားသူ၊ စည်းဖေါက်သူ၊ သံသယကြီးသူ ဖြစ်၏- |
| ၂၆။ | الَّذِي جَعَلَ مَعَ اللَّهِ إِلَهًا آخَرَ فَأَلْقِيَاهُ فِي الْعَذَابِ الشَّدِيدِ۞<br>သူသည် ပရမတ်ဘုရားရှင်နှင့်အတူ အခြား ဘုရားရှိသည်ဟု စိစဉ်၏။ သို့ဖြစ်၍ သူ့အား ပြင်းထန်သော ဝဋ်ကြွေး၌ ဆုံတွေ့စေလော့။"(ဟု မိန့်၏။) |
| ၂၇။ | قَالَ قَرِينُهُ رَبَّنَا مَا أَطْغَيْتُهُ وَلَكِن كَانَ فِي ضَلَالٍ بَعِيدٍ۞<br>သူ့ အဆက်အနွယ်က "အို ကံကြမ္မာရှင်၊ တပည့်တော်သည် သူ့အား စည်းဖျက်ခြင်း မပြုခဲ့ပါ၊ သို့သော် သူသည် နောက်ကျန် လွဲချော်ခြင်း၌ ရှိခဲ့သူ ဖြစ်ပါ၏၊"ဟု လျှောက်ထားသော်၊ |
| ၂၈။ | قَالَ لَا تَخْتَصِمُوا لَدَيَّ وَقَدْ قَدَّمْتُ إِلَيْكُم بِالْوَعِيدِ۞<br>အရှင်က မိန့်သည်မှာ "ငါထံပါး၌ အချေအတင်မပြုနှင့်၊ သင်တို့အတွက် ကတိတော်ဖြင့် စုံရပ်ခံစေခဲ့ပြီ၊- |
| ၂၉။ | مَا يُبَدَّلُ الْقَوْلُ لَدَيَّ وَمَا أَنَا بِظَلَّامٍ لِّلْعَبِيدِ۞<br>ငါ့ထံ၌ ဓမ္မစကားသည် လွဲပြောင်းခြင်းမရှိ။ ငါသည် အမူတော်ဆောင်တို့အား အဝိဇ္ဇာလည်း မသင့်စေရ"ဟု ဖြစ်၏။ |
| ၃၀။ | يَوْمَ نَقُولُ لِجَهَنَّمَ هَلِ امْتَلَأْتِ وَتَقُولُ هَلْ مِن مَّزِيدٍ۞<br>ငါက ငရဲဘုံအား "သင့်၌ ပြည့်ပြီလော၊"ဟု မေးသော နေ့၌ ၎င်းက "ထပ်တိုးရန်ရှိသေးသလော၊"ဟု ဖြေကြလတ္တံ့။ |
| ၃၁။ | وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ غَيْرَ بَعِيدٍ۞<br>ထို့ပြင် သုခဘုံအား စည်းစောင့်သူများထံသို့ ချဉ်းကပ်လာနေစေ၏၊ ယင်းသည် နောက်ကျန်ရစ်သည် မဟုတ်ချေ။ |
| ၃၂။ | هَذَا مَا تُوعَدُونَ لِكُلِّ أَوَّابٍ حَفِيظٍ۞<br>ဤသည် အရှင့်ဘက်သို့လှည့်သူ၊ စောင့်ထိန်းသူတိုင်းအတွက် ကတိတော်ပင် ဖြစ်၏။ |

---

(၉၉၃) လူတစ်ဦး၏ ဥဒဉ်စရိုက်တိုင်းတွင် မောင်းနှင်သူ၊ သက်သေပြသူ ရှိသည် ဆိုခြင်းမှာ ထိုသူ၏ လုပ်ဆောင်သော အကျင့်နှင့် လုပ်ဆောင်မှု အကျိုးကို ဆိုလိုခြင်း ဖြစ်ပေသည်။ လူသားသည် မကောင်းမှုကို ပြုက မကောင်းမှု၏ မောင်းနှင်ခြင်းကို ခံရ၍ မကောင်းမှုသည် သူ၏ သက်သေ ဖြစ်၏။ ကောင်းမှုကို ကျင့်ဆောင်က ကောင်းမှုသည် သူ့အား မောင်းနှင်၍ ကောင်းကျိုးသည် သူ၏သက်သေ ဖြစ်၏။

| | |
|---|---|
| ၃၃။ | مَنْ خَشِيَ الرَّحْمَن بِالْغَيْبِ وَجَاء بِقَلْبٍ مُّنِيبٍ۞<br>သူတို့သည် ကရုဏာရှင်အား မျက်ကွယ်၌ပင် စိတ်နှလုံး ဘက်လှည့် ချစ်ကြောက်ရိုကျိုးကြ၏။ |
| ၃၄။ | ادْخُلُوهَا بِسَلَامٍ ذَلِكَ يَوْمُ الْخُلُودِ۞<br>ထို ငြိမ်းချမ်းမှုသဏ္ဍာန်သုခသို့ ခိုဝင်ဆိုက်မြိုက်စေလော့၊ ဤ နေ့ကာလသည် ထာဝရဖြစ်စေသတည်း။ |
| ၃၅။ | لَهُم مَّا يَشَاؤُونَ فِيهَا وَلَدَيْنَا مَزِيدٌ۞<br>ထို၌ သူတို့ စံချိန်ပြည့်မှီရာများသည် သူတို့အတွက် ရှိ၏။ ငါ့ထံ၌ ထိုထက်ထပ်တိုး၍ ရှိနေ၏။ |
| ၃၆။ | وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هُمْ أَشَدُّ مِنْهُم بَطْشًا فَنَقَّبُوا فِي الْبِلَادِ هَلْ مِن مَّحِيصٍ۞<br>သူတို့မတိုင်မီ သူတို့ထက် အင်အားသန်မာစွာ ကိုင်တွယ်ထားနိုင်သော မျိုးဆက် မည်မျှကို ငါ တိမ်ကောစေခဲ့သနည်း၊ မြို့များ အနှံ့ ထိုးဖေါက် ကျက်စားသော သူတို့သည် ထို၌ လွတ်လမ်းရှိကြသလော။ |
| ၃၇။ | إِنَّ فِي ذَلِكَ لَذِكْرَى لِمَن كَانَ لَهُ قَلْبٌ أَوْ أَلْقَى السَّمْعَ وَهُوَ شَهِيدٌ۞<br>ကေန်ပင် ဤ၌ နှလုံးသား ပိုင်ရှင်၊ သို့မဟုတ် ကြားနာမှု စွင့်ထားသူ အတွက် သတိပေးတရားတော်နှင့် သက်သေ သက်ကန် ရှိနေ၏။ |
| ၃၈။ | وَلَقَدْ خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ وَمَا مَسَّنَا مِن لُّغُوبٍ۞<br>မုချပင် ငါသည် မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား အရာများကို ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေတော်မူ၏။ သို့ အတွက် မောပန်းခြင်းသည် ငါ့အား မသက်ချေ။၉၉၄ |
| ၃၉။ | فَاصْبِرْ عَلَى مَا يَقُولُونَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوعِ الشَّمْسِ وَقَبْلَ الْغُرُوبِ۞<br>သို့ဖြစ်၍ သူတို့၏ ပြောစကားကို သည်းခံလျှက်၊ သင့်ကံကြမ္မာရှင်အား နေ မထွက်မီ နေမဝင်မီ၌ ရည်သန်စူးစိုက် ဦးထိပ်ထားလော့။ |
| ၄၀။ | وَمِنَ اللَّيْلِ فَسَبِّحْهُ وَأَدْبَارَ السُّجُودِ۞<br>ညဉ့် အရှင့်အား ဦးထိပ်ထားလျှက် ပြန်လည်၍ ဦးချကြလော့။ |
| ၄၁။ | وَاسْتَمِعْ يَوْمَ يُنَادِ الْمُنَادِ مِن مَّكَانٍ قَرِيبٍ۞<br>နေ့ပိုင်း၌ သင်တို့၏ အနီးနားမှ ဖိတ်ခေါ်သူ၏ ဖိတ်ခေါ်ခြင်းကို အာရုံစိုက် နားထောင်လော့။ |
| ၄၂။ | يَوْمَ يَسْمَعُونَ الصَّيْحَةَ بِالْحَقِّ ذَلِكَ يَوْمُ الْخُرُوجِ۞<br>သူတို့သည် အမှန်တရား အသံလှိုင်းကြီးအား ကြားရသော နေ့၊ ယင်းသည် ထွက်လာရမည့် နေ့ကာလဖြစ်၏။၉၉၅ |

(၉၉၄) ဖန်ဆင်းရှင်ဆိုသည့် အယူမှာ တူသည် မှန်သော်လည်း ခရစ်ယာန် သာသနာက ခံစားယုံကြည်သော ဖန်ဆင်းရှင်ဟူသော သဘာဝနှင့် အစ္စလာမ်သာသနာက ခံစားယုံကြည်သော ဖန်ဆင်းရှင်ဟူသော သဘာဝမှာ မတူချေ၊ ထိုအကြောင်းကို ဤသုတ်တော်က သက်သေပြလျှက် ရှိပေသည်။ ခရစ်ယာန် သမ္မာကျမ်းစာ ကမ္ဘာဦးကျမ်း ၂း၂ တွင် ဘုရားရှင်သည် ဖန်ဆင်းပြီး ၇ ရက်မြောက်နေ့တွင် ငြိမ်ဝပ်စွာ နားနေတော်မူသည် ဟု ဆိုထားပေသည်။ ထိုအဓိပ္ပါယ်မှာ ဘုရားရှင်သည် လောက အပေါင်းကို ဖန်ဆင်းလိုက်ရ၍ မောပန်းသောကြောင့် နားနေသည်ဟု ဆိုလိုခြင်းပင်၊ အစ္စလာမ် ဒသနတွင်မူ ဘုရားရှင်၏ ဖန်ဆင်းခြင်းဆိုသည်မှာ ဖြစ်တည်လာရန် လောကနိယာမကို စည်းချိန် တကျ ပြဋ္ဌာန်းခြင်းသာ ဖြစ်၍ အရှင်၏ ဖြစ်တည်စေခြင်း နိယာမသည် အချိန်တိုင်း အခါတိုင်းတွင် စဉ်ဆက်မပြတ် ဖြစ်တည် နေစေပေသည်။ ပရမတ်ဘုရားရှင်အား လူသား တစ်ဦး ကဲ့သို့ ခံစားယုံကြည်ခြင်း မရှိပေ။ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား လူပုဂ္ဂိုလ်တစ်ဦး ကဲ့သို့ မောပန်းသည်၊ လက်ပန်းကျသည် စသည့် ခံစားချက်ဖြင့် ခံစား၍ မရချေ။ ဤလူသားနေထိုင်သော စကြာဝဠာအပြင် အခြားသော စကြာဝဠာ အသစ်များ စဉ်ဆက်မပြတ် ဖြစ်တည်နေမည်ပင်။ ဤသည် ပရမတ် ဘုရားရှင်၏ ချမှတ်ပြဋ္ဌာန်းထားသော နိယာမပေတည်း။

| | |
|---|---|
| ၄၃။ | **إِنَّا نَحْنُ نُحْيِي وَنُمِيتُ وَإِلَيْنَا الْمَصِيرُ** ۞<br>ငါအရှင်သည် နိစ္စ၊ အနိစ္စကို ဖြစ်စေသော အရှင် ဖြစ်၏။ ငါ့ထံသို့သာ ခရီးဆုံးပန်းတိုင်သည် ဖြစ်၏။ |
| ၄၄။ | **يَوْمَ تَشَقَّقُ الْأَرْضُ عَنْهُمْ سِرَاعًا ذَٰلِكَ حَشْرٌ عَلَيْنَا يَسِيرٌ** ۞<br>ကမ္ဘာမြေသည် သူတို့မှ အက်ကွဲသော နေ့ကာလ၌ အလျှင်စလို ရှိကြလတ္တံ့။ သူတို့အား စုစည်းစေခြင်းသည် ငါ့အတွက် လွယ်ကူလှချေ၏။ |
| ၄၅။ | **نَحْنُ أَعْلَمُ بِمَا يَقُولُونَ وَمَا أَنتَ عَلَيْهِم بِجَبَّارٍ فَذَكِّرْ بِالْقُرْآنِ مَن يَخَافُ وَعِيدِ** ۞<br>ငါအရှင်သည် သူတို့၏ ပြောသမျှကို အသိဆုံး ဖြစ်တော်မူ၏၊ သင်သည် သူတို့အား ပုန်ကန်သူ မဟုတ်ချေ။ ငါ၏ ကတိတော်အား ကြောက်ရွံ့တတ်သူတို့အား ကုရ်အာန်အားဖြင့် သတိပေါ်ပေးလော့။ |

---

(၉၃) အမှန်တရားကို ကြောက်နေသူတို့အတွက် အမှန်တရားသည် တုန်ဟီးသံကြီး ကဲ့သို့ ပြင်းထန်လှကြောင်း ကျမ်းမြတ်ကုရ်အာန်က အဓိတိအကျ ပြောဆိုပေသည်။ သာသနာတော်အား မောင်ပိုင်စီးထားသော သူများသည် မည်သို့ပင် အမှန်တရားကို ဖုံးဖိထားစေကာမူ လူငယ်မျိုးဆက်များသည် ပညာတတ်လာ အမြင်ကျယ်လာလျှင် ထိုဖုံးဖိထားသော သူများသည် တရားခံဖြစ်ရပေတော့မည်။ ထိုအခါ သူတို့၏ ဖုံးဖိလုပ်စားခဲ့သမျှ သည် ပေါ်ထွက်လာရပေမည်ပင်။